# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 22, 2020 Volume 31, Number 14


## ၂၂.၅.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၂ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၃၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၃/- ကျပ် |
| CBM Rate | = ၁၄၀၆.၀၄ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၇.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၂.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၇.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၇.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၃၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၂၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၈၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပုပ်သိုးပျက်စီးလွယ်သော သစ်သီးဝလံနှင့်ရေထွက်ကုန်များတင်ပို့ရာတွင် ကုန်တင်ယာဉ်များ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဝင်/ထွက်ခွင့် ရရှိစေရန် ယူနန်ပြည်နယ်စီးပွားရေးဌာနသို့ သွားရောက်ညှိနှိုင်း



မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပုပ်သိုးပျက်စီးလွယ်သော သစ်သီးဝလံနှင့်ရေထွက်ကုန်များတင်ပို့ရာတွင် ကုန်တင်ယာဉ်များ အချိန်ကြန့်ကြာမှုမရှိစေဘဲ ဝင်/ထွက်ခွင့် ရရှိစေရန် ယူနန်ပြည်နယ်စီးပွားရေးဌာနသို့ သွားရောက်ညှိနှိုင်းခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။ မေ ၂၀ ရက်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်ရေးတွင် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန် ကူမင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်သည် ယူနန်ပြည်နယ်စီးပွားရေးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Zhao Ruijun အား သွားရောက်တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် လက်ရှိ COVID-19 ကူး စက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပုပ်သိုးပျက်စီးလွယ်သော မြန်မာ့သစ်သီးဝလံများနှင့် ရေထွက်ပစ္စည်းပို့ကုန်များမှာ နှစ်နိုင်ငံနယ်စပ်ဂိတ် အဝင်အထွက်ကန့်သတ်မှုများကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ် ကုန်တင်ယာဉ်များအချိန်ကြန့်ကြာမှုမရှိစေဘဲ ဝင်/ထွက်ခွင့်ရရှိရန်လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန် နှစ်ဖက်ညှိနှိုင်းအဖြေရှာ၍ ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ယူနန်ပြည်နယ်စီးပွာရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယူနန်ပြည်နယ် စီးပွားရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံကုန်သွယ်ရေးဌာနမှညွှန်ကြားရေးမှူး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲရေးရုံး ညွှန်ကြားရေးမှူး၊ လွတ်လပ်သောကုန်သွယ်ရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးရုံးမှ ညွှန်ကြား

ရေးမှူး၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်ဂိတ် အကောက်ခွန်ဆိုင်ရာရုံးမှ ဒုတိယညွှန်ကြားရေးမှူးတို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

ဝူဟန်ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့ကာ အဆိုပါ ဗိုင်းရပ်စ် စတင်ဖြစ်ပွားခဲ့သည်မှ ရက်ပေါင်း ၂၀ ကျော်ကာလအတွင်း တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားတင်ပို့မှုမှာ ဒေါ်လာသန်း ၅၀ ခန့် ဆုံးရှုံး သွားခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က တညင်းကုန်းဈေးရှိ မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းမှ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။ “ဝူဟန်ဗိုင်းရပ်စ်ကြောင့် ၂၇ ရက်ကနေ ဒီနေ့အထိ ရက်ပေါင်း ၂၀ လောက်မှာ ဖရဲ၊ သခွားတွေဟာ အရင်တုန်းက ဝူဟန်းဗိုင်းရပ်စ်မပေါ်ခင်တုန်းက တစ်နေ့ကို ကားအစီးရေ ၇၀၀ လောက်တင်ပို့ နေတဲ့ အခြေအနေကနေ ဝူဟန်ဗိုင်းရပ်စ်ပေါ်ပြီးတဲ့နောက်မှာ တစ်နေ့ကားအစီးရေ ၃၀ ၊ ၄၀ ပို့လိုက်၊ ၄၀၊ ၅၀ ပို့လိုက်နဲ့ပေါ့လေ။ အခုမှ အစီးရေ ၁၀၀ ကျော်ပြန်ပို့တာပေါ့။ ပို့တဲ့အခါမှာလည်း ဈေးကွက်က ဖရဲက 855 ဆိုရင် အဝယ်မရှိသလောက် ဖြစ်သွားတယ်။ နောက်ပြီး အစေ့မဲ့ဆိုရင်လည်း အဝယ်မရှိသလောက်ဖြစ်သွားတယ်။ ထိုင်ဝမ်အချိုသီးကတော့ ဟိုတစ်လောက ကားခတောင်မရဘူးပေါ့လေ။ အခုကတော့ ကားခလေးရတယ်။ နည်းနည်း အကျိုးအမြတ်လေးရတယ်ပေါ့။ ဖရဲအခြေအနေ ကတော့ မကောင်းသေးလို့ပြောရမှာပေါ့” ဟု မြန်မာနိုင်ငံဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောကြားသည်။

အဆိုပါကာလအတွင်း မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ တစ်နေ့လျှင် ပုံမှန်အားဖြင့် ဖရဲကားအစီးရေ ၇၀၀ ခန့် တင်ပို့ နိုင်ကြောင်း၊ လက်ရှိတွင် အမှန်တကယ်တင်ပို့နေရမှုမှာ ကားအစီးရေ ၃၀၊ ၄၀ ခန့်သာ တင်ပို့နေရသဖြင့် ဆုံးရှုံးနစ်နာမှုများစွာ ကြုံတွေ့နေရကြောင်းသိရသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ဖရဲတန်ချိန် ရှစ်သိန်းကျော်တင်ပို့ပြီး သခွားမွေး တန်ချိန်တစ်သိန်းခွဲခန့် တင်ပို့လေ့ရှိကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှသိရ သည်။

**Source:** https://news-eleven.com/article/174791

## စတုတ္ထအကြိမ်မြောက် အစိုးရချေးငွေ တိုင်းနှင့်ပြည်နယ်လုပ်ငန်းရှင်များကို ဦးစားပေးမည်

COVID-19 ကြောင့် ထိခိုက်သည့် စီးပွားရေးလုပ်ငန်းများ ကုစားရန် စတုတ္ထမြောက် အစိုးရချေးငွေကို တိုင်းနှင့်ပြည်နယ် များမှ စီးပွားရေးလုပ်ငန်းရှင်များကို ဦးစားပေးမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ အစိုးရချေးငွေ သုံးကြိမ်လုံး၌ ရန်ကုန်မြို့အခြေစိုက် စီးပွားရေးလုပ်ငန်း အများစုကသာရရှိခဲ့ပြီး ယခု စတုတ္ထအကြိမ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းများကို ဦးစားပေးမည်ဟု COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ (MIFER) ဥက္ကဋ္ဌ လည်းဖြစ်သူ ဝန်ကြီး ဦးသောင်းထွန်းက မေလ ၂၀ ရက်က ပြုလုပ်သောကော်မတီအစည်းအဝေး၌ ပြောခြင်းဖြစ်သည်။

ထို့ပြင် ချေးငွေများကို ယခုထက်ပို၍ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ရေးအတွက် စိစစ်သည့်အဖွဲ့များအား အင်အား ဖြည့်တင်း၍ ဖွဲ့စည်းထားပြီးဖြစ်ကြောင်းလည်း ဝန်ကြီးကဆိုထားသည်။ ချေးငွေရရှိသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ချေးငွေကိုထုတ်ပေးမည်ဖြစ်ပြီး ကျန်လုပ်ငန်းရှင်များ၏ လျှောက်လွှာများကိုလည်း ဆက်လက်ထုတ်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း MIFER က ဖော်ပြထားသည်။ ထိုချေးငွေကို နိုင်ငံတော်လှည့်ပတ်ရန်ပုံငွေမှ ကျပ်ဘီလီယံ ၅၀ နှင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ဘီလီယံ ၅၀ စုစုပေါင်း ကျပ် ဘီလီယံ ၁၀၀ ဖြင့် COVID-19 Fund အဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ ထူထောင်ထားပြီး ပထမအသုတ်ချေးငွေကို ဧပြီလ ၉ ရက်မှစတင်၍ အသေးစားနှင့်အလတ်စား (SME) လုပ်ငန်းရှင် ၈၅ သို့လည်းကောင်း၊ ဒုတိယအသုတ်ချေးငွေကို လုပ်ငန်း ၁၁၃ ဦးသို့လည်းကောင်း၊ တတိယအသုတ်ချေးငွေကို လုပ်ငန်း ၁၁၃ ခုသိုလည်းကောင်းထုတ်ချေးခဲ့သည်။ အဆိုပါ နိုင်ငံတော်လှည့်ပတ်ရန်ပုံငွေ ကျပ် ၁၀၀ ဘီလီယံထဲမှ တတိယအသုတ်အထိ ကျပ် ၁၃ ဘီလီယံကျော်သုံးစွဲထားပြီး ယခုထုတ်ချေးမည့် စတုတ္ထအကြိမ်ချေးငွေ၏ပမာဏကို မသိရှိ ရသေးပေ။ ချေးငွေကို အသေးစားနှင့်အလတ်စား (MSME) လုပ်ငန်းများဖြစ်သော စားသောက်ကုန်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့်လက်ခစား (CMP) လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို ထုတ်ချေးနေခြင်းဖြစ်သည်။

အစိုးရမှချေးပေးသော ချေးငွေ၏ အတိုးနှုန်းမှာ ၁ ရာခိုင်နှုန်းဖြစ်ပြီး ချေးငွေကာလမှာ ၁ နှစ် သတ်မှတ်ထားကာ ချေးငွေစတင်လျှောက်ထားခွင့်ရသည့်အချိန်မှ လက်ရှိအချိန်အထိ လျှောက်လွှာစုစုပေါင်းမှာ ၄၀၀၀ ရှိပြီဖြစ်သည်။ ချေးငွေထုတ်ပေးရာတွင် COVID-19 ကြောင့် ကော်မတီက ထုတ်ပြန်ထားသော အချက် ၁၀ ချက်နှင့်ညီရမည်ဖြစ်ပြီး ချေးငွေစိစစ်ခြင်းကို အဆင့်နှစ်ဆင့်ဖြင့်ရွေးချယ်ကာ ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ကြောင်းသိရသည်။ သို့သော် ပြီးခဲ့သည့်ချေးငွေထုတ်ပေးမှု ကုမ္ပဏီစာရင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပိုင် ကုမ္ပဏီက ချေးငွေကျပ်သိန်း ၁ ထောင်အထက်ရရှိခဲ့ခြင်းကြောင့် ဝေဖန်မှုများရှိခဲ့သည်။ ထို့ပြင်ရရှိသည့်ပမာဏမှာ လုပ်ငန်း၏ဝန်ထမ်းလစာပေးဖို့ မလောက်ငသည့်အတွက် ချေးငွေရရှိပြီးမှမယူလိုတော့ကြောင်း အကြောင်းပြန်သည့်ကုမ္ပဏီများလည်းရှိခဲ့သည့်အပြင် ရန်ကုန်တိုင်းမှ လုပ်ငန်းရှင်အများစုသာရရှိသောကြောင့် ဝေဖန်မှုများလည်း ထွက်ပေါ်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဇော်ဦးက "အကုန်လုံးကတော့ ကဏ္ဍစုံ နေရာစုံကနေ လုပ်ပေးမှာပေါ့။ ရန်ကုန်တိုင်းမှ မန္တလေးတိုင်းမှမဟုတ်ပါဘူး။ ပြဿနာက ဘာလည်းဆိုတော့ လျှောက်ထားတဲ့အချိန်တွေကွာကြတယ်။ ကျနော်တို့ ရန်ကုန်မှာ ကျတော့ UMFCCI ကနေ လက်ခံတယ်။ မတ်လ ၃၀ ရက် ကြေညာတယ်။ တချို့မတ်လ ၃၁ ရက်လောက်မှာပဲ လာတင်နိုင်တယ်"ဟု ဧရာဝတီသို့ပြောသည်။ ဆက်လက်၍ ၎င်းက "စောစောတင်တဲ့သူတွေက သတ်မှတ်ချက်တွေနဲ့ကိုက်ရင် စောစောရသွားကြတယ်။ တခြား တိုင်းဒေသကြီး ပြည်နယ်တွေကကျတော့ ဒီမှာလက်ခံနေတဲ့အချိန်မှာတောင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ အဲဒီတော့ လက်ခံနိုင်တဲ့အချိန်ကကွာခြားတယ်။ ပြောချင်တာက မန္တလေးက လူတွေအွန်လိုင်းပေါ်မှာ အော်တာလည်းတွေ့ပါတယ်။ ရန်ကုန်ကသူတွေပဲရတာ ငါတို့မရဘူးဆိုတာ၊ သူတို့တင်တာကိုက နောက်ကျတယ်။ တင်တာလက်ခံပြီး ဒီဘက်ကိုပို့တဲ့အချိန်မှာနောက်ကျတယ်"ဟု ရှင်းပြသည်။ အခြားတိုင်းနှင့်ပြည်နယ်များသည်လည်း ဧပြီလ ၁ ရက်၊ ၂ ရက်တွင် ချေးငွေလျှောက်လွှာများ စတင်လက်ခံသည်ဆိုသော်လည်း လက်ခံသည့်ဌာနမှတဆင့် ဝန်ကြီးဌာနသို့ပြန်လည်ပေးပို့ရာတွင် နောက်ကျခြင်းကြောင့် ၎င်းတို့ချေးငွေရနောက်ကျခြင်းဖြစ်ကြောင်း ဦးမင်းဇော်ဦးကဆိုသည်။ ၎င်းက "ကျနော်ထင်တယ်။ ဒီတခေါက်တော့ နယ်ကဟာတွေလည်း လုပ်ငန်း ၁၀၀ ကျော်ကျော်လောက်တော့ ပါမယ်လို့ ထင်တယ်။ နယ်ဆိုတာက မန္တလေးတင်မဟုတ်ဘူး။ တခြား တိုင်းဒေသကြီးပြည်နယ်တွေအကုန်လုံးပါမယ်။ ဒါကတော့ ကျနော်သိတဲ့ အပိုင်းလေးကိုပြောပြတာ။ ဝန်ကြီးဌာနက ဘယ်လောက်ထုတ်ပေးမယ်ဆိုတာကတော့ ဝန်ကြီးရုံးကပဲသိမယ်"ဟု ထပ်လောင်းပြောပြသည်။

ချေးငွေလျှောက်ထားသည့် လုပ်ငန်းရှင်များထဲတွင် လုပ်ငန်းလမ်းညွှန်ချက်နှင့်ကိုက်ညီပြီး ပြန်လည်ပေးဆပ်နိုင်ခြင်း ရှိသောကုမ္ပဏီလုပ်ငန်းရှင်များကို ချေးငွေ ကျပ်သိန်း ၁ ထောင်ကျော်အထိ ချပေးခြင်းမျိုးရှိကြောင်းသိရသည်။ လက်ရှိတွင် COVID-19 ကြောင့် ထိခိုက်နေသည်မှာ လုပ်ငန်းအသေးမှစ၍ အကြီးအထိ ထိခိုက်မှုများရှိနေပြီး အစိုးရအနေနှင့် ကျပ်ဘီလီယံ ၁၀၀ အပြင် ဆက်တိုက်ကုစားမှုများကို လုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်စိုးသာက သုံးသပ်ပြောဆိုထားသည်။ နောက်ပိုင်း နိုင်ငံတော်ကထပ်မံခွင့်ပြုမည့် ချေးငွေများထုတ်ပေးရာတွင် COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (CERP)နှင့် အညီ ပိုမိုထိရောက်သည့်နည်းလမ်းဖြင့် ချေးငွေထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ထူထောင်ရေးအတွက် လက်ရှိဦးစားပေးကဏ္ဍများအပြင် ထပ်မံဆောင်ရွက်သင့်သည့်ကဏ္ဍများနှင့်ပတ်သက်၍ ယခု ၂၀ ရက်ကပြုလုပ်သော ကော်မတီအစည်းအဝေး၌ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)ဗဟို အလုပ်မှုဆောင် ဦးဝင်းဌေးက "လျှောက်လွှာရဲ့ နံပါတ်စဉ်ပေါ်မှာလိုက်ပြီး စစ်တာနေမှာပါ။ ကျနော်တို့ MRCCI က ပို့ရမယ့်ဟာတွေက နောက်ကျတာတွေရှိတယ်။ မတ်လ ၃၁ ရက် စတာဆိုတော့ သူတို့က ပထမရက်မှာထဲက စာရင်းဝင်ပြီ။ ကျနော်တို့က မပို့နိုင်သေးဘူး။ ဒါကြောင့်ပါ။ အခုကတော့ တိုင်းနဲ့ပြည်နယ်တွေကို အလှည့်ပေးတယ်ဆိုတာ ပိုပြီးကောင်းတာပေါ့" ဟု ဧရာဝတီသို့ပြောသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချေးငွေလျှောက်လွှာ ၁၅၀၀ ဝန်းကျင်ကို အသင်းမှတင်ပြထားကြောင်း ၎င်းကဆိုသည်။ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံပိုင်ရှင် ဦးအောင်မျိုးဟိန်းကလည်း "အခုအခြေအနေက အမှန်ပြောရင် တော်တော်အခက်အခဲရှိပါတယ်။ ကျနော်တို့ တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့က အစိုးရကနေထောက်ပံ့မယ်ဆိုတဲ့ ချေးငွေတွေဘာတွေကို

မျှော်လင့်ရတာ။ နောက်နှစ်လ၊ သုံးလမှာ လုပ်ခလစာတွေကိုပေးနိုင်ဖို့အနေအထားက နိုင်ငံတော်ကပေးမယ့်ချေးငွေကို မျှော်လင့်နေရတယ်။ အခု ၈၇ ဘီလီယံကျော် ကျန်သေးပေမယ့် ဘယ်လိုပေးမလဲ၊ ဘယ်အချိန်ရမလဲမသိဘူး။ စက်ရုံလုပ်ငန်း ကျတော့ အချိန်စောင့်လို့မရဘူး”ဟု ရောဝတီသို့ပြောသည်။ ထို့ကြောင့် အစိုးရမှ ချေးငွေများချပေးမည်ဆိုလျှင် လုပ်ငန်းရှင်များ အတွက် အချိန်ကာလသည် အရေးကြီးသောကြောင့် အစိုးရအနေဖြင့် အချိန်ကာလတခုကို ထည့်သွင်းစဉ်းစား၍ ချပေးသင့် သည်ဟု ထင်မြင်ကြောင်း ၎င်းကသုံးသပ်ပြောဆိုသည်။

**Source:** https://burma.irrawaddy.com/news/2020/05/21/223137.html

## ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ကျပ် ၂၀၇၂၈ ဘီလျံကျော်ခွင့်ပြုထားပြီး လက်ရှိအစိုးရသက်တမ်း ၄၉ လအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၉၁၀၄ ဘီလျံဝန်းကျင်ရှိလာ



၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ် ၂၀၇၂၈ ဘီလျံကျော်ခွင့်ပြုထားပြီး အိမ်ခြံမြေဖွံ့ဖြိုးရေး၊ ကုန်ထုတ်လုပ်မှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍတို့တွင် အများဆုံးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသောစာရင်းများအရသိရ သည်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်း ၁၇၀၈ ခုကို လုပ်ငန်း ကဏ္ဍ ၁၁ ခုတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုထားခြင်းဖြစ်ပြီး၊ စုစုပေါင်းပမာဏ ကျပ် ၂၀၇၂၈၄၉၁ ဒသမ ၂၄၈ သန်း (ကျပ် ၂၀၇၂၈ဘီလျံကျော်) ရှိခြင်းဖြစ်သည်။

ကဏ္ဍအလိုက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုများမှာ အိမ်ခြံမြေဖွံ့ဖြိုးရေး ကဏ္ဍတွင် ကျပ် ၄၇၀၄ ဒသမ ၂၇၈ ဘီလျံ (လုပ်ငန်း ၉၂ ခု)၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျပ် ၃၈၅၇ ဒသမ ၅၇၅ ဘီလျံ (လုပ်ငန်း ၉၂၀ ခု)၊ ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍတွင် ကျပ် ၃၀၁၃ ဒသမ ၈၀၁ ဘီလျံ (လုပ်ငန်း ၅၂ ခု)၊ ဟိုတယ်နှင့် ခရီးသွားလာရေး ကဏ္ဍတွင် ကျပ် ၂၁၉၅ ဒသမ ၆၈၅ ဘီလျံ (လုပ်ငန်း ၁၉၁ ခု)၊ ဆောက်လုပ်ရေးကဏ္ဍတွင် ကျပ် ၁၁၃၂ ဒသမ ၆၀၇ ဘီလျံ (လုပ်ငန်း ၆၈ ခု) တို့ဖြစ်သည်။ ထို့ပြင် စက်မှုဖွံ့ဖြိုးရေးကဏ္ဍတွင် ကျပ် ၈၉၉ ဒသမ ၈၂၈ ဘီလျံ (လုပ်ငန်း ၁၂ ခု)၊ စွမ်းအင်ကဏ္ဍတွင် ကျပ် ၈၂၁ ဒသမ ၁၂၉ ဘီလျံ (လုပ်ငန်း ၂၂ ခု)၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ကျပ် ၃၇၀ ဒသမ ၂၅၉ ဘီလျံ (လုပ်ငန်း ၉၁ ခု)၊ သတ္တုတူးဖော်ရေး ကဏ္ဍ တွင် ကျပ် ၂၁၂ ဒသမ ၃၈၉ ဘီလျံ (လုပ် ငန်း ၇၂ ခု)၊ စိုက်ပျိုးရေး ကဏ္ဍတွင် ကျပ် ၈၉ ဒသမ ၆၃၅ ဘီလျံ (လုပ်ငန်း ၁၈ ခု) နှင့် အခြားကဏ္ဍတွင် ကျပ် ၃၄၂၆ ဒသမ ၆၅၈ ဘီ လျံ (လုပ်ငန်း ၁၆၉ ခု)၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကျပ် ၄ ဒသမ ၆၄၀ ဘီလျံ (လုပ်ငန်းတစ်ခု) ရင်းနှီးမြှုပ်နှံခွင့်ပြုထားကြောင်းသိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန် (၂၀၁၆ မတ်လကုန်) အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၁၁၆၂၄ ဘီလျံကျော် ရှိပြီး လက်ရှိအစိုးရတက်ရောက်ပြီး သက်တမ်းလေးနှစ်တစ်လအတွင်း (၄၉ လတာကာလ အတွင်း) ကျပ် ၉၁၀၄ ဘီလျံဝန်းကျင် ရင်းနှီး မြှုပ်နှံခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုသည် အိမ်ခြံမြေဖွံ့ဖြိုးရေးကဏ္ဍတွင် အဓိကများပြား လာခဲ့ရာ ယခင်ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုအများဆုံးကဏ္ဍဖြစ်သော ကုန်ထုတ်လုပ်မှုကဏ္ဍကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇန်နဝါ ရီလတွင်စတင်ကျော်ဖြတ်၍ ထိပ်ဆုံးရောက်ရှိလာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ ရင်းနှီးမြှုပ်နှံထားသော ကျပ် ၂၀၇၂၈ ဘီလျံကျော်၏ ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်းမှာ အိမ်ခြံမြေဖွံ့ဖြိုးရေး ကဏ္ဍတွင် ၂၂ ဒသမ ၆၉ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ၁၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ ပို့ဆောင်ဆက်သွယ် ရေးကဏ္ဍတွင် ၁၄ ဒသမ ၅၄ ရာခိုင်နှုန်း၊ ဟို တယ်နှင့် ခရီးသွားလာရေး ကဏ္ဍတွင် ၁၀ ဒသမ ၅၉ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၅ ဒသမ ၄၆ ရာခိုင်နှုန်း၊ စက်မှုဖွံ့ဖြိုးရေး ကဏ္ဍတွင် ၄ ဒသမ ၃၄ ရာခိုင်နှုန်း၊ စွမ်းအင် ကဏ္ဍတွင် ၃ ဒသမ ၉၆ ရာခိုင်နှုန်း၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်း ကဏ္ဍတွင် ၁ ဒသမ ၇၉ ရာခိုင်နှုန်း၊ သတ္တုတူးဖော်ရေး ကဏ္ဍတွင် ၁ ဒသမ ၀၂ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး ကဏ္ဍတွင် ၀ ဒသမ ၄၃ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ၀ ဒသမ ၀၂ ရာခိုင်နှုန်း၊ အခြားကဏ္ဍတွင် ၁၆ ဒသမ ၅၃ ရာခိုင်နှုန်း တို့ဖြစ်သည်။

နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများသည် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရာတွင် ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် သတ်မှတ်ထားသော အဆိုပြုလွှာပုံစံဖြည့်ခြင်း၊ ၎င်းအဆိုပြုလွှာကို နေပြည်တော်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြခြင်းများ ဆောင်ရွက်ရကြောင်းသိရသည်။ ပြည့်စုံသော အဆိုပြုလွှာများကို အဆိုပြုလွှာစိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့ တင်ပြဆွေးနွေးခြင်း၊ အဆိုပြုလွှာစိစစ်ရေးအဖွဲ့အစည်းအဝေးမှ အတည်ပြုပါက အဆိုပြုချက်ကိုလက်ခံကြောင်း၊ ငြင်းပယ်ကြောင်း အဆိုပြုလွှာတင်သွင်းသူထံ အကြောင်းပြန်ခြင်း၊ လက်ခံပြီးသည့် အဆိုပြုလွှာနှင့်ပတ်သက်၍ ကော်မရှင်ရုံးအဖွဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သဘောထား၊ သက်ဆိုင်ရာဝန်ကြီးဌာန သဘောထားများတောင်းခံခြင်း၊ သဘောထားမှတ်ချက်ပြည့်စုံပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က အစည်းအဝေးသို့ အဆိုပြုချက်ကို တင်ပြဆွေးနွေးခြင်း၊ MIC အစည်းအဝေးမှခွင့်ပြုကြောင်းဆုံးဖြတ်ပါက ရင်းနှီးမြှုပ်နှံသူထံ ခွင့်ပြုမိန့်ထုတ်ပေးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/174821

## မြန်မာပြည်တောင်ပိုင်းဒေသထွက် ငှက်သိုက်များမှာ COVID-19 ကြောင့် အရောင်းအဝယ်ကျဆင်းသွားသော်လည်း ငှက်သားပေါက်ရာသီဖြစ်သည့်အတွက် ဈေးနှုန်းကျဆင်းခြင်းမရှိကြောင်းသိရ



မြန်မာပြည်တောင်ပိုင်းဒေသထွက် ငှက်သိုက်များမှာ COVID-19 ကြောင့် အရောင်းအဝယ်ကျဆင်းသွားသော်လည်း ငှက်သားပေါက်ရာသီဖြစ်သည့်အတွက် ဈေးနှုန်းကျဆင်းခြင်းမရှိကြောင်း ငှက်သိုက်လုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။ ဇီဝဖိုးငှက်ကလေးများ၏ အသိုက်မှရရှိသော ငှက်သိုက်လုပ်ငန်းမှာ မြိတ်ကျွန်းစုဒေသမှ အဓိကထွက်ရှိနေပြီး မြန်မာပြည်အနှံ့မှ ဝယ်ယူစားသုံးနေသည့် လုပ်ငန်းတစ်ခုဖြစ်လာကြောင်းသိရသည်။ သို့ရာတွင် COVID-19 ဖြစ်ပြီးနောက် ငှက်သိုက်ရောင်းဝယ်ခြင်းမှာ သုံးပုံတစ်ပုံကျော် ကျဆင်းသွားခဲ့ကြောင်းသိရသည်။ “COVID-19 ကာလဖြစ်တဲ့အတွက် ရောင်းအားကကျတယ်။ အရင်တုန်းက ရာနှုန်းပြည့်ရောင်းရပေမဲ့ အခု ၃၀ ရာခိုင်နှုန်းပဲရောင်းရတယ်။ များများစားစား ဝယ်တဲ့သူတွေမရှိဘူး။ တစ်ကျပ်သား၊ နှစ်ကျပ်သားဝယ်တဲ့သူတွေပဲရှိတော့ လောလောဆယ် ပြည်ပကိုပို့နိုင်တဲ့ အခြေနေမှာမရှိသေးဘူး။ ဈေးတက်သွားတာမျိုးလည်းမရှိဘူး။ ဒါပေမယ့် ကိုဗစ်ကာလဖြစ်တဲ့အတွက် စားသုံးသူတွေအတွက် ဈေးကိုချပြီးရောင်းပေးပါတယ်။ ၁၀ ရာခိုင်နှုန်းအထိ ချပေးတယ်။ တစ်ကျပ်သားကို လေးသောင်းလောက် ဈေးရှိနေတာကို ၃၆၀၀၀ အထိဈေးချပြီး ရောင်းပေးပါတယ်။ ငှက်သိုက်ဈေးနှုန်းက ကျဆင်းသွားခြင်းမရှိဘူး။ ဒီအချိန်က ငှက်သားပေါက်တဲ့ရာသီဖြစ်တဲ့အတွက် ငှက်သိုက်ရှားသွားတယ်။ အဲဒီတော့ ကုန်ကြမ်းဈေးက မကျသွားဘူး။ အရောင်းအဝယ်တော့ကျတယ်။ သုံးပုံတစ်ပုံလောက်ပဲရောင်းရတယ်။ ဒါပေမယ့် ကျွန်တော်တို့ စားသုံးသူတွေ အဆင်ပြေအောင်ဆိုပြီး ထွက်လာတဲ့ငှက်သိုက်တွေကို ၁၀ ရာခိုင်နှုန်းအထိ ဈေးချပြီးရောင်းပေးနေပါတယ်” ဟု မိမိငှက်သိုက်ရောင်းဝယ်ရေးမှ ဦးပြည်ဖြိုးဟန်က ပြောကြားသည်။

ဇီဝဖိုးငှက်သိုက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့် ဖြည့်စွက်အစာ၊ ကိုယ်ခံအားကောင်းသည့်အစာအဖြစ် သတ်မှတ်ကာသုံးစွဲကြပြီး တရုတ်နိုင်ငံမှ အဓိကမှာယူသုံးစွဲလျက်ရှိကြောင်းသိရသည်။ သို့ရာတွင် ဗိုင်းရပ်စ်ပိုးကူးစက်နေသည့်ကာလဖြစ်သည့်အတွက် ဈေးကွက်အတွင်း ပို့ဆောင်ရန် အခက်အခဲဖြစ်နေကြောင်းသိရသည်။ ငှက်သိုက်များတွင် သဘာဝငှက်သိုက်နှင့် အိမ်ငှက်သိုက်များရှိပြီး နိုင်ငံတော်တွင် တင်ဒါဆွဲပြီး ငှက်သိုက်ကောက်ယူကာ ရောင်းချသည့်လုပ်ငန်းများရှိသကဲ့သို့ အိမ်များတွင်ငှက်ခေါ်ပြီး အခွန်ဆောင်၊ မျှောစာများယူကာ ရောင်းချသည့်လုပ်ငန်းများလည်းရှိကြောင်းသိရသည်။ ငှက်သိုက်

ဈေးနှုန်းမှာ လက်ရှိအနေအထားတွင် ကုန်ကြမ်းဈေး တစ်ပိဿာလျှင် ကျပ် ၁၇ သိန်းမှ ၂၅ သိန်းအထိရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/174676

## ဂျပန်၌ နှာခေါင်းစည်းများမဖြစ်မနေတပ်ဆင်နေရ၍ အလှကုန်ရောင်းအားကျဆင်း



မကြာသေးမီလများအတွင်း ဂျပန်နိုင်ငံရှိစတိုးဆိုင်များတွင် နှာခေါင်းစည်းများ အလွယ်တကူဝယ်မရဖြစ်ခဲ့ကာ အလှကုန်တစ်မျိုးဖြစ်သည့် နှုတ်ခမ်းနီလည်း ရောင်းအားမကောင်းခဲ့ပေ။ ကပ်ရောဂါကာလတွင် နှာခေါင်းစည်းများကို မဖြစ်မနေတပ်ထားကြရပြီး ဂျပန်အစိုးရ၏ အရေးပေါ်အခြေအနေပြဋ္ဌာန်းမှုအောက်တွင် အိမ်မှနေ၍အလုပ်လုပ်နေကြရကာ အပြင်ထွက်မရသည့် အခြေအနေဖြစ်ခဲ့ပြီး အလှကုန်ဆိုင်များတွင် နှုတ်ခမ်းနီများ အလျှံပယ် ဖြစ်နေခဲ့သည်။ "ကျွန်မက အပြင်သွားရင် Mask တပ်သွားတော့ နှုတ်ခမ်းနီမဆိုးတော့ဘူးလေ။ ဘယ်သူမှလည်း မြင်ရတာမဟုတ်ဘူး။ ဒါကြောင့် ဆိုးစရာမ လိုဘူး" ဟု ယိုကိုဟားမားမှ အသက် ၄၀ အရွယ်အမျိုးသမီး တာကာကို တိုမုရကပြောသည်။

ဂျပန်ပြည်ထဲရေးကြီးဌာနက မတ်လတွင်ပြုလုပ်ခဲ့သော အိမ်ထောင်စုအသုံးစရိတ် လေ့လာမှုတစ်ရပ်အရ နှုတ်ခမ်းနီအတွက် အသုံးစရိတ်သည် ယခင်နှစ်ကထက် ၂၂.၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းတွေ့ရှိခဲ့သည်။ ရောင်းအား သိသိသာသာ ကျဆင်းခဲ့သည်ဟု အလှကုန်ကုမ္ပဏီများကပြောသည်။ ခန့်မှန်းချက်တစ်ခုအရ ဂျပန်၌ ၂၀၁၉ ခုနှစ်တွင် ရောင်းချရသော နှုတ်ခမ်းနီအရေအတွက်မှာ ၂၆ သန်းယူနစ်အထိရှိခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီမှ ဧပြီလအတွင်း ရောင်းချရသည့် ယူနစ်အရေအတွက်သည် ပြီးခဲ့သည့်နှစ် လေးလတာကာလထက် ၃၀ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့သည်ဟုဆိုသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အလှကုန်ပစ္စည်းအားလုံး ရောင်းအားကျဆင်းခဲ့ပြီး နှာခေါင်းစည်းများတပ်ဆင်ကြသည့်အတွက် အထူးသဖြင့်နှုတ်ခမ်းနီရောင်းအားမှာ ဆိုးဆိုးရွားရွား ကျဆင်းခဲ့သည်ဟု အလှကုန်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Kao Corp ၏ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ "မိတ်ကပ်က လူတစ်ယောက်ရဲ့သွင်ပြင်ကို မြှင့်တင်ပေးရုံတင်မကဘူး စိတ်ခံစားချက်ကိုလည်း အပြုသဘောဆောင်စေပါတယ်။ ကပ်ရောဂါကြီးပြီးသွားရင် တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ လူဘယ်နှစ်ယောက်က ဘယ်အချိန်ထိ နှာခေါင်းစည်းတွေ ဆက်တပ်နေကြဦးမလဲဆိုတဲ့အပေါ် မူတည်ပါတယ် " ဟု Kao Corp ၏ ပြောရေးဆိုခွင့်ရှိသူကဆိုသည်။

လွန်ခဲ့သော ဆယ်စုနှစ်အချိန် ၂၀၁၁ ခုနှစ်က ဆူနာမီဘေးနှင့်တွေ့ကြုံစဉ်ကလည်း ယခုကဲ့သို့ အလှကုန် ရောင်းအားကျဆင်းမှုအဖြစ်မျိုး ကြုံတွေ့ခဲ့ရသည်။ ဂျပန်အမျိုးသမီးအများစုသည် အပြင်အဆင်လွန်ကဲမှုမျိုးကိုရှောင်ရှားခဲ့ကြပြီး အရောင်ဖျော့၍တည်ငြိမ်သော အလှကုန်ပစ္စည်းအရောင်များကို ရွေးချယ်လာကြသည်။

**Source:** http://www.mizzimaburmese.com/article/70042

## ကမ္ဘာ့ရွှေဈေးကျ၍ ပြည်တွင်းရွှေဈေးလိုက်ကျ




ကမ္ဘာ့ရွှေဈေးပြန်လည်ကျဆင်းလာပြီးနောက် ပြည်တွင်းအခေါက်ရွှေဈေးနှုန်းများလည်း လိုက်ပါကျဆင်းလာကြောင်း ရန်ကုန်မြို့တော်၏ အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာရွှေဈေးကွက်အတွင်းမှသိရသည်။ ကမ္ဘာ့ရွှေဈေးသည် ပြီးခဲ့သည့် ရက်ပိုင်းကထက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀ ကျဆင်းလာပြီး ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ကျပ် ၁၆,၀၀၀ ခန့်ကျဆင်းသွားကြောင်း ရန်ကုန် ရွှေဈေးကွက်အတွင်းမှသိရသည်။ "ကမ္ဘာ့ရွှေဈေးကျသွားလို့ပါ။ ပြည်တွင်းဈေးကွက်မှာက အရောင်းအဝယ်အေးတယ် " ဟု တိတ်စိန်ရွှေဆိုင်

ပိုင်ရှင် ဦးဇော်အောင်ကပြောသည်။ လတ်တလော ရွှေဆိုင်များတွင် အရောင်းအဝယ်ကောင်းမွန်ခြင်းမရှိဘဲ ရွှေတုံးအရောင်းအဝယ်သာ အနည်းငယ်ဖြစ်ပေါ်ကြောင်း ရွှေကုန်သည်များကဆိုသည်။ "ရွှေတုံးကတော့ ပိုက်ဆံလိုတဲ့သူက လာရောင်းပြီး ပိုတဲ့သူက ပြန်ဝယ်နေကြတယ်။ ရွှေဆိုင်တွေကတော့ အရောင်းအဝယ်အေးတယ်"ဟု လက်ရှိရွှေအရောင်းအဝယ် အခြေအနေကို ဦးဇော်အောင်ကပြောသည်။

လက်ရှိပြည်တွင်း အရောင်းအဝယ်အခြေအနေကြောင့် ရွှေဈေးအပြောင်းအလဲ ဖြစ်ပေါ်နိုင်ခြေနည်းပါးပြီး ကမ္ဘာ့ရွှေဈေး အတက်အကျပေါ်မူတည်၍သာ ရွှေဈေးပြောင်းလဲနိုင်ကြောင်း၊ ကမ္ဘာ့ရွှေဈေးမှာလည်း COVID-19 အခြေအနေကြောင့် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း ရွှေကုန်သည်များကဆိုသည်။

ကမ္ဘာ့ရွှေဈေးသည် မေလပထမနှင့်ဒုတိယပတ်အတွင်း တစ်အောင်စလျှင် ၁၆၉၀ မှ ၁၇၀၀ ဝန်းကျင်အတွင်း ဖြစ်ပေါ်နေရာမှ ပြီးခဲ့သည့်ရက်ပိုင်းက မေလအတွင်းအမြင့်ဆုံးဈေးအဖြစ် တစ်အောင်စလျှင် ၁၇၆၀ အထိ မြင့်တက်ခဲ့ရာမှ မေလ ၂၁ ရက်နေ့တွင် တစ်အောင်စလျှင် ၁၇၄၀ သို့ပြန်လည်ကျဆင်းကြောင်းသိရသည်။ ရန်ကုန် ရွှေဘုံသာရွှေဈေးကွက်ကို မေ ၁၈ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ယင်းနေ့က အခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ၁,၂၃၆,၀၀၀ ဖြင့် ဖွင့်လှစ်ခဲ့ရာမှ မေ ၂၁ ရက်နေ့တွင် ၁၆ ပဲရည်တစ်ကျပ်သားလျှင် ၁,၂၂၀,၀၀၀ သို့ကျဆင်းသွားသည်။

**Source:** https://myanmar.mmtimes.com/news/139473.html

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး၌ ကုန်တင်ယာဉ်များနေ့စဉ် တန်းစီစောင့်ဆိုင်းနေရ၊ တိုကင်စနစ်ဖြင့် ဝင်ခွင့်ပြု



မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေး ကုန်တင်ယာဉ်များမှာ ၁၀၅ မိုင်နှင့် မူဆယ်မြို့အဝင်တွင် နေ့စဉ် အစီးရေ ၅၀၀ ခန့်တန်းစီနေရကာ လမ်းပိတ်ဆို့မှုနှင့် အလှည့်ကျော်မောင်းဝင်မှုများ မရှိစေရန် တိုကင်စနစ်ဖြင့် မူဆယ်မြို့တွင်းနှင့် ကျယ်ဂေါင်(မန့်ဝိန်း)ဘက် မောင်းနှင်ဝင်ရောက်ခွင့်ပြုနေပြီး ကုန်စည်ကူးသန်းမှုမှာ ပုံမှန်အတိုင်းဖြစ်သည်ဟု မူဆယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး ချစ်စိန်ကပြောသည်။

တရုတ်ဘက်သို့ ပြည်တွင်းထုတ်ကုန်များတင်ပို့သည့် ၆ ဘီး၊ ၁၂ ဘီးနှင့် ၂၂ ဘီးကုန်တင်ယာဉ်များသည် နေ့စဉ်အစီးရေ ၁၀၀၀ ကျော်အတက်အဆင်းရှိနေရာ အဆိုပါမူဆယ်မြို့အဝင်တွင် တန်းစီနေသည့် ယာဉ်တန်းကို စနစ်တကျရှိစေရန် ယခုကဲ့သို့ လုပ်ဆောင်ပေးခြင်းဖြစ်သည်ဟုဆိုသည်။ "ကျွန်တော်တို့ ယာဉ်တန်းကြီးထိန်းရတာက ၁၀၅ မိုင်ကနေ မူဆယ်မြို့အကြား ၁၀ မိုင်နီးပါးလောက်ရှိတယ်။ သူ့အရင်၊ ကိုယ်အရင်ရောက်အောင်ဆိုပြီးလုပ်ကြရင်းနဲ့ လမ်းပိတ်တာတွေရှိလို့ ယာဉ်တန်းစနစ်တကျဖြစ်အောင် တိုကင်စနစ်နဲ့သွားတယ်။ တစ်ရက်ကို အစီးရေ ၅၀၀ လောက်ရှိပြီး မနက်တိုင်း မူဆယ်မြို့ထဲလား၊ ကျယ်ဂေါင်ထိသွားမှာလား ကားတစ်စီးချင်းမေးပြီး တိုကင်ပေးတယ်"ဟု ၎င်းကပြောသည်။

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းပိုင်းအတိုင်း မူဆယ်ဘက်သို့ဝင်လာသော ကုန်သွယ်မှု ကုန်တင်ယာဉ်များတွင် ၂ မျိုးရှိရာ တစ်မျိုးမှာ နမ်းခမ်းနှင့်ပန်ခမ်းတို့မှ မူဆယ်မြို့သို့ ကုန်ပို့သောကားနှင့် အောက်ဘက်ကတက်လာပြီး မူဆယ်(ကျယ်ဂေါင်)မှတစ်ဆင့် တရုတ်ဘက်ဝင်ရောက်မည့် ကုန်တင်ယာဉ်များဖြစ်၍ တိုကင်စနစ်ကျင့်သုံးမှုကြောင့် လမ်းပိတ်ဆို့မှုနှင့်ကားသမားအချင်းချင်း အလှည့်ကျော်မှုများ မရှိတော့ကြောင်းသိရသည်။ လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တရုတ်ဘက်က ယာဉ်မောင်းအစားထိုးစနစ်ကျင့်သုံးသဖြင့် မြန်မာယာဉ်မောင်းများ ဝင်ခွင့်မရှိဘဲ ကုန်တင်ယာဉ်တစ်စီးလုံးဆေးဖျန်းခြင်းများပြု လုပ်ခြင်းကြောင့် အချိန်ကြန့်ကြာမှုများရှိရာက ယာဉ်ကြောကျပ်မှုများရှိသဖြင့် ၁၀၅ မိုင်နှင့် မူဆယ်မြို့အဝင်တွင် နေ့စဉ်ညအိပ်စောင့်ရသည့် ယာဉ်အစီးရေ ၅၀၀ ခန့်ရှိကြောင်းသိရသည်။ "မူဆယ်မြို့ထဲ ကုန်ချမယ့် ကားအစီး ၅၀ လောက်ရွေးထုတ်ပြီး ယာဉ်ထိန်းကားနဲ့ ရှေ့နောက်ပိတ်ပြီး အတန်းလိုက်မြို့ရှောင်လမ်းကနေ တရုတ်ဘက်ကပြန်လာတဲ့ အဆင်းကားတွေနဲ့လွတ်အောင် မင်္ဂလာမူဆယ်ဘက်က ပတ်ပြီး ခေါ်သွင်းတယ်။ ကျယ်ဂေါင်ကနေ

မန့်ဝိန်းကိုသွားမယ့်ကားတွေကို အတန်းလိုက်ပဲစောင့်ခိုင်းပြီး မူဆယ်မြို့မှကြိုဆိုပါ၏ အဝင်ဆိုင်းဘုတ်နားမှာ တိုကင်ပေးတယ်”ဟု ဆက်လက်ပြောကြားသည်။

အဆိုပါ ကုန်တင်ယာဉ်များကို တိုကင်စနစ်ဖြင့် အလှည့်ကျ မူဆယ်ဘက်ဝင်ခွင့်ပေးခဲ့ပြီး အလှည့်ကျော်ခြင်း၊ ကြားဖြတ်ဝင်ရောက်ခြင်းများမရှိစေရန် မူဆယ်မြို့အတွင်း ရထိုက်လမ်းဆုံတွင် ယာဉ်ထိန်းအဖွဲ့တစ်ဖွဲ့က တိုကင်များ ထပ်မံစစ်ဆေးပြီး တိုကင်မပါဘဲ ဝင်ရောက်လာသော ယာဉ်တန်းများကို ဝင်ခွင့်မပြုဘဲ မြို့ပြင်ဘက် ပြန်လည်စေလွှတ်စေကြောင်းသိရသည်။ ၁၂ ဘီးကုန်တင် ယာဉ်မောင်းတစ်ဦးကပြောကြားရာတွင်”အရင်ကဆိုရင် ၁၀၅ မိုင်နဲ့ မူဆယ်မြို့ဝင်ကြားမှာ ကားတန်းပိတ်နေလို့ ဘယ်ကားမှ သွားလို့မရတော့ဘူး။ မြို့ရှောင်လမ်းလည်းလမ်းပိတ်တာတွေဖြစ်ခဲ့တယ်။ တိုကင်စနစ်နဲ့လုပ်တော့ အဆင်ပြေသွားတယ်။ ကားသမားတွေကလည်း တိုကင်စနစ်နဲ့ ဝင်ခွင့်လိုက်နာကြတယ်။ ကြားဖြတ်တယ်ဆိုတာ မရှိသလောက်ဖြစ်သွားတယ်။ ယာဉ်ထိန်းတွေလည်း ပင်ပန်းတာပေါ့”ဟု သုံးသပ်ပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139458.html

## နိုင်ငံတော်အရန်ဆီ ဝယ်ယူမှုစာချုပ်ချုပ်ဆိုမှုပြီးစီး၊ တိုင်းနှင့်ပြည်နယ်များသို့ဖြန့်ဝေမည်



COVID 19 ကာလအတွင်း နိုင်ငံတော်အရန်ဆီ တန်ချိန် ၁၂၀၀၀ ဝယ်ယူမှု စာချုပ်ချုပ်ဆိုပြီးဖြစ်ကာ တိုင်းနှင့်ပြည်နယ်များသို့ဖြန့်ဝေမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။ "အရန်ဆီဝယ်ယူမှုက ကုမ္ပဏီတွေနဲ့တော့ စာချုပ်ချုပ်ဆိုပြီးဝယ်ယူပြီးပြီ။ ကုမ္ပဏီ ၄ ခုပါ။ သူတို့ဘယ်လောက် အဆင်သင့်ဖြစ်နေပြီလဲဆိုတာ အကြိုသွားပြီးတော့ စစ်ဆေးမှုတွေလုပ်နေတယ်။ စာချုပ်ပါ အချက်အလက်တွေပြည့်စုံရင် ၅၀ ရာခိုင်နှုန်း ပေးချေမယ်။ ဝယ်ယူမှုအားလုံးပြီးရင် ကျန်တဲ့ ၅၀ ရာခိုင်နှုန်းပေးချေမယ်။ အားလုံးအသင့်ဖြစ်ရင် တိုင်းနဲ့ပြည်နယ်တွေကို အကြောင်းကြားမယ်။ တန်ချိန် ၁၂၀၀၀ လုံးကို တစ်နေရာတည်းမှာ သိုလှောင်မှာမဟုတ်ဘဲ တိုင်းနဲ့ပြည်နယ်တွေကိုဖြန့်မှာပါ'' ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာဆွေက မြန်မာတိုင်းမ်သို့ပြောသည်။

အဆိုပါ အရန်ဆီကိုကုမ္ပဏီ ၄ ခုထံမှ နှစ်လအတွင်း နှစ်ကြိမ်ခွဲဝယ်ယူမည်ဖြစ်ပြီး မေလတွင် Wilmar ကုမ္ပဏီ ထံမှ တန် ၃၀၀၀ နှင့် Diamond Dragon ကုမ္ပဏီ ထံမှ တန် ၂၀၀၀ ၊ ဇွန်လတွင် Wilmar ကုမ္ပဏီ ထံမှတန် ၂၂၀၀၊ Diamond Dragon ကုမ္ပဏီ ထံမှတန်၂၀၀၀၊ Six winner Brothers ကုမ္ပဏီ ထံမှတန် ၁၀၀၀ နှင့် Vivi ကုမ္ပဏီ ထံမှ တန် ၁၈၀၀ ၊ စုစုပေါင်း တန် ၁၂၀၀၀ ဖြစ်ကြောင်းသိရသည်။ "ရန်ကုန်တိုင်းစားသုံးသူရေးရာ ဦးစီးဌာနဘက်ဂျက်က ငွေချေရမှာဖြစ်တဲ့အတွက် ငွေတောင်းထားတယ်။ ငွေရပြီဆိုရင် ဝန်ကြီးဌာနက ဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်းတွေနဲ့ စစ်ဆေးမယ်'' ဟု ဦးဇေယျာဆွေကပြောသည်။ COVID 19 ရောဂါကူးစက်မှုနှင့် ကြုံတွေ့နေရချိန်တွင် ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေး၊ ရိက္ခာဖူလုံမှုရှိစေရေးအတွက် နိုင်ငံတော်အရန်ဆန်နှင့်ဆီကို ကျပ် ၃၈ ဘီလျံဖိုး ဝယ်ယူသိုလှောင်နေခြင်းဖြစ်ပြီး လိုအပ်သည့်ငွေကြေးကို နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139460.html

## ကပ်ရောဂါကာလအတွင်း တရုတ်ကုမ္ပဏီများ ကုန်သွယ်မှုပြုနိုင်ရေး e-Commerce ဖြင့်အထောက်အကူပြုပေးနေ

Focus Technology မှ ဖွံ့ဖြိုးလည်ပတ်လျက်ရှိသည့် ပြည်တွင်းလုပ်ငန်းအချင်းချင်း e-Commerce **ဝန်ဆောင်မှုပေးနေသည့်** Made-in-China.comက ကိုရိုနာကပ်ရောဂါကာလအတွင်း တရုတ်ကုမ္ပဏီများ၏ နိုင်ငံခြားကုန်သွယ်မှုကို မြှင့်တင်နိုင်ရေး အထောက်အကူပြုရန် ဝန်ဆောင်မှုအချို့အား စတင်လိုက်ပါသည်။ ယေဘုယျအားဖြင့် ပြပွဲများကျင်းပလျက် ကမ္ဘာအဝှမ်းသို့ ကုန်ပစ္စည်းများကို ခင်းကျင်းပြသကြလေ့ရှိသော်လည်း ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် ပြပွဲများကျင်းပရေးမှာ ကြီးမားသည့်စိန်ခေါ်မှုကြီးဖြစ်ပါသည်။

နိုင်ငံပေါင်း (၁၅)နိုင်ငံမှ ပါဝင်ပြသသူပေါင်း (၄၀)ကျော်တို့က Made-in-China.comမှ ပံ့ပိုးပေးသည့်ဝန်ဆောင်မှုနှင့် ပေါင်းစပ်လျက် ဤပြသနာကိုဖြေရှင်းရန် ကုမ္ပဏီများအတွက် အွန်လိုင်းနှင့်အွန်လိုင်းပြင်ပစီမံဆောင်ရွက်မှုများဖြင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလမ်းကြောင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ဖွန်လကုန်တွင် အွန်လိုင်းပြပွဲပေါင်း (၁၅)ခုပြုလုပ်လျက် နိုင်ငံခြားမှ ဝယ်ယူသူများထံသို့ တရုတ်၏ ကုန်ပစ္စည်းများကို ပြသသွားမည်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် တရုတ်ပြည်တွင်းမှ ထုတ်လုပ်သူများနှင့် နိုင်ငံခြားမှ ဝယ်ယူရန်အလားအလာရှိသူများ အကြား နိုင်ငံရပ်ခြားသို့ သွားရောက်ရန်မလိုဘဲ စကားပြောဆိုကြည့်နိုင်မည်ဖြစ်ပါသည်။ အွန်လိုင်း Platformပေါ်တွင် ဝယ်ယူသူမှ ပစ္စည်းအားရွေးချယ်လိုက်လျှင် ဓာတ်ပုံများ၊ အမျိုးအစားဖော်ပြချက်များ၊ ဗီဒီယိုများနှင့် ၃၆၀ ဒီဂရီစက်ရုံပုံများကို ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

Made-in-China.comကို ၂၀၁၆ ခုနှစ်မှ စတင်ခဲ့ပြီး ယနေ့အချိန်အထိ အွန်လိုင်းပြပွဲပေါင်း (၃၀၀) ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းတို့အနက် ထင်ရှားခဲ့သောပြပွဲအချို့မှာ Internatinal Consumer Electronics Showနှင့် The BIG 5တို့ဖြစ်ကြကာ အရှေ့အလယ်ပိုင်းနိုင်ငံများ ၊ အာဖရိကနှင့် အရှေ့တောင်အာရှနိုင်ငံများအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ တရုတ်မှ ထုတ်လုပ်သူများက ၎င်းနိုင်ငံများမှ ပညာရပ်ကျွမ်းကျင်သည့်ဝယ်ယူသူပေါင်း (၁)သောင်းဝန်းကျင်ခန့်ရရှိခဲ့ကြပါသည်။

ယခုကပ်ရောဂါဖြစ်ပွားနေစဥ်၌လည်း နှစ်ဖက်ရောင်းသူနှင့်ဝယ်သူများအကြား အွန်လိုင်းပေါ်မှ တွေ့ဆုံပေးရန် စီစဥ်လာခြင်းဖြစ်ပါသည်။ မကြာသေးမီက ကင်ညာနိုင်ငံက လေထုအတွင်းမှ ရေမော်လီကျူးများကို ထုတ်ယူလျက် သောက်ရေပြုလုပ်ပေးသည့် စက်အများအပြားဝယ်ယူလိုသဖြင့် နှစ်ဘက်ချိတ်ဆက်ဆောင်ရွက်ပေးမှုပြုလုပ်ပေးခဲ့ပါသည်။

Made-in-China.comက အရှေ့တောင်အာရှနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအဖွဲ့ဝင်နိုင်ငံများရှိ ထွန်းသစ်စပြုလာသော ဈေးကွက်များထိ ရောက်ရှိစေရန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ကပ်ရောဂါဖြစ်ပွားစဥ်အတွင်း မေးမြန်းလာမှုများအား ပြန်လည်ဖြေကြားခြင်း အပါအဝင် အွန်လိုင်းဝန်ဆောင်မှုများကို (၂၄)နာရီပေးလျက်ရှိကာ တရုတ်ဘက်မှ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအတွက် အစိုးရဝယ်ယူမှုသတင်းပေါင်း (၂)သိန်းနီးပါးပေးခဲ့ပါသည်။ ထိုကဲ့သို့သောအားထုတ်မှုများကြောင့် ဝက်ဘ်ဆိုက်၏ နှစ်စဥ်တိုးတက်မှုနှုန်းမှာ (၃၉)ရာခိုင်နှုန်းရှိလာပြီး၊ စီးပွားရေးအခွင့်အလမ်းများမှာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် နှိုင်းယှဥ်ပါက (၁၂.၉)ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု သတင်းရရှိပါသည်။

**Source: China Daily** (၁၁-၅-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## COVID-19 ကပ်ရောဂါကာလအတွင်း အသွားအလာကန့်သတ်မှုများက အာဆီယံ၏ စားနပ်ရိက္ခာဖူလုံမှုကို မီးမောင်းထိုးပြလာ

မလေးရှားနိုင်ငံတွင်နေထိုင်သည့် Balan Nadarajan အမည်ရှိပုဂ္ဂိုလ်နှင့် ၎င်း၏မိသားစုတို့သည် ပိုးသတ်ဆေးကင်းစင်သည့် အော်ဂဲနစ်ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်ရန် မိမိတို့နေအိမ်ဝန်းအတွင်း ဟင်းသီးဟင်းရွက်များအား ၂၀၁၂ ခုနှစ်မှစတင် စိုက်ပျိုးလာခဲ့ပါသည်။ ယခုနှစ် ကိုရိုနာကပ်ရောဂါကျရောက်ချိန်၌ မလေးရှားနိုင်ငံက အသွား အလာကန့်သတ်မှုများအား ရက်သတ္တ(၆)ပတ်ကျော်ပြုလုပ်ထားချိန်အတွင်း အစားအသောက်များဝယ်ယူရန် ဈေးဆိုင်များတွင် နာရီပေါင်းများစွာတန်းစီရချိန်၌ Balan Nadarajan ၏ မိသားစုမှာ မိမိတို့၏စိုက်ခင်းအတွင်းမှပင် ခူးဆွတ်စားသုံးနိုင်ခဲ့ပါသည်။

ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားလိုက်ခြင်းကြောင့် လူသားများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းများစိုက်ပျိုးရန် တွန်းအားပေးသကဲ့သို့ ဖြစ်လာပါသည်။ ထို့ပြင် ယခုအခြေအနေမှာ အရှေ့တောင်အာရှနိုင်ငံများက မိမိတို့၏ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် (အထူးသဖြင့် ပြည်ပမှတင်သွင်း သည်များအပေါ် မှီခိုနေရသည့်နိုင်ငံများအတွက်) အဘယ်ကြောင့်လိုအပ်သည်ကို ပြသနေပါသည်။

နန်ယန်းနည်းပညာတက္ကသိုလ်၊ School of International Studies၏ Center for Non-Traditional Security Studiesမှ သုတေသီတစ်ဦးဖြစ်သူ Paul Tengက ယခုကပ်ဖြစ်ပွားမှုမှာ အရှေ့တောင်အာရှ၏ စားနပ်ရိက္ခာလုံခြုံရေး

မူဝါဒအတွက် ပြောင်းလဲဆောင်ရွက်ရမည့် အထောက်အကူတစ်ခုဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း မိမိနိုင်ငံတွင်းမှထွက်ရှိသည့် စားသောက်ကုန်များဖြစ်စေ၊ ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်များကိုဖြစ်စေ မိမိနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရန်ချက်ချင်းဖြည့်ဆည်းပေး ရပါကြောင်း၊ စင်ကာပူနိုင်ငံတွင် အသွားအလာကန့်သတ်သည့်ဆောင်ရွက်မှုများကို ဧပြီလ (၇)ရက်နေ့၌ စတင်ဆောင်ရွက်လိုက်ချိန်မှစ၍ နိုင်ငံစားသောက်ကုန်၏ (၉၀)ရာခိုင်နှုန်းကျော်ကို ပြည်ပမှတင်သွင်းနေရသည့်နိုင်ငံဖြစ်သည့်အတွက် စိန်ခေါ်မှုဖြစ်ခဲ့ကြောင်း၊ ထို့ပြင် စင်ကာပူနိုင်ငံသို့ အစားအစာများ တင်ပို့နေသည့် မလေးရှားနိုင်ငံ၌လည်း အသွားအလာ ကန့်သတ်သည့် ဆောင်ရွက်ချက်များကို ပြုလုပ်လာခဲ့ရာ လယ်ယာထွက်ကုန်များ သယ်ယူ ပို့ဆောင်ရေးအတွက် များစွာနှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့ရကြောင်း မှတ်ချက်ပြုပြောကြားခဲ့ပါသည်။

အရှေ့တောင်အာရှနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ်ဆန်တန်ချိန် (၁.၃) သန်းအား ပြည်ပမှတင်သွင်းနေရပြီး၊ ဘရူနိုင်းလ်နိုင်ငံကလည်း ၎င်း၏ဆန်လိုအပ်ချက်၏ (၉၀)ရာခိုင်နှုန်းအား ပြည်ပမှတင်သွင်းနေရပါသည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သောနိုင်ငံများဖြစ်ကြကာ၊ ပြောင်းနှင့် ဂျုံတို့ကို အသားတင်တင်သွင်းသည့်နိုင်ငံများလည်းဖြစ်ကြပါသည်။

COVID-19 ကပ်ရောဂါပျံ့နှံ့ဖြစ်ပွားမှုက လုပ်သားနှင့်သွင်းအားစုများ ပြတ်လပ်မှုကြောင့် ကုန်စည်ထောက်ပံ့ရေးကွင်းဆက်များနှင့် စားနပ်ရိက္ခာလုံခြုံရေးအပေါ် ရေရှည်စိန်ခေါ်မှုများဖြစ်စေနိုင်ကြောင်း၊ ထို့ကြောင့် အာဆီယံအသိုက်အဝန်းများနှင့် စားရေရိက္ခာစနစ်အပေါ် ဖြတ်တောက်မှုများ အနည်းဆုံးဖြစ်စေရန်နှင့် ကုန်စည်ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်စေရန် အစိုးရများနှင့်လုပ်ငန်းများအကြား ခိုင်မာသောအားထုတ်မှုများပြုလုပ်ကြရန်လိုအပ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ အကဲဖြတ်ဆန်းစစ်သည့်အဖွဲ့အစည်းတစ်ခုဖြစ်သော PwCက ပြီးခဲ့သည့်လအတွင်း အစီရင်ခံစာတစ်စောင်ထုတ်ပြန်ထားပါ သည်။

ကပ်ရောဂါမဖြစ်ပွားမီခန့်မှန်းချက်များအရ ၂၀၃၀ ပြည့်နှစ်တွင် အာဆီယံမြို့တော်များဆီသို့ လူဦးရေမှာ သန်း (၉၀) ကျော်ပြောင်းရွှေ့နေထိုင်လာနိုင်မည်ဖြစ်ပြီး၊ အစားအသောက်ဝယ်ယူမှုများမှာ အမေရိကန်ဒေါ်လာ (၁.၅)ထရီလီယံသို့ ရောက်ရှိနိုင်ပါမည်။ တိုးတက်လာသော လူဦးရေက ပိုမိုစိတ်ချလုံခြုံသော၊ ကျန်းမာရေးနှင့်ပိုမိုညီညွတ်သော၊ ပိုမို ရေရှည် တည်တံ့သော စားနပ်ရိက္ခာထောက်ပံ့မှုများကို တောင်းဆိုလာကြနိုင်ပါသည်။ တစ်ဖက်တွင်လည်း မြို့ပြအဖြစ်ပြောင်းလဲခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် စိုက်ပျိုးမြေများ လျော့နည်းလာခြင်း၊ လူငယ်လူရွယ်များ မြို့ပြသို့ပြောင်းရွှေ့အခြေချလာကြသဖြင့် ကျေးလက်တွင် လုပ်သားရှားပါးလာခြင်း၊ အထွက်နှုန်းများတန့်ခြင်းစသည်တို့ကိုလည်း ကြုံတွေ့လာရနိုင်ပါသည်။

ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားလိုက်ခြင်းမှာ သွင်းကုန်အပေါ် မှီခိုနေရမှုများကိုလျှော့ချရန် တပ်လှန့်နှိုးဆော်သကဲ့သို့ ဖြစ်ကာ၊ ယခုရရှိသောသင်ခန်းစာများအပေါ်အခြေခံလျက် ရေရှည်ဖွံ့ဖြိုးတိုးတက်မည့်နည်းလမ်းများကို အစိုးရများနှင့် လုပ်ငန်းများက စဉ်းစားရန်အလွန်အရေးကြီးသည့် အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**Source: China Daily** (၁၁-၅-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## အိန္ဒိယနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ခုနှစ် သီးနှံများစိုက်ပျိုးထွက်ရှိနိုင်မှု တတိယအကြိမ် ကနဦးခန့်မှန်းချက်ထုတ်ပြန်ခြင်း

အိန္ဒိယ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေး ဝန်ကြီးဌာနသည် ၂၀၁၉-၂၀ ခုနှစ်အတွက် အဓိကသီးနှံများစိုက်ပျိုးထွက်ရှိနိုင်မည့်အခြေအနေ တတိယအကြိမ် ခန့်မှန်းချက် ကို ၁၅.၅.၂၀၂၀ နေ့၌ ထုတ်ပြန်ခဲ့ရာ တစ်နိုင်ငံလုံး၌ ပဲမျိုးစုံနှင့်နှံစားသီးနှံများ စုစုပေါင်းတန်ချိန် ၂၉၅.၆၇ သန်း၊ ဆီထွက်သီးနှံတန်ချိန် ၃၃.၅၀ သန်း၊ ဝါဂွမ်းတန်ချိန် ၃၆.၀၅ သန်း၊ ဂုန်လျှော်တန်ချိန် ၉၉.၂၁ သန်းနှင့် ကြံတန်ချိန် ၃၅၈.၁၄ သန်းခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ မုတ်သုံရာသီကာလအတွင်း နိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှုက ပျမ်းမျှ ကာလရှည်မိုးရေချိန်ထက် ၁၀% ပိုမိုရရှိခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သီးနှံစိုက်ပျိုးထုတ်လုပ် မှုမှာ ပုံမှန်ထက်ပိုမိုကောင်းမွန်တိုးတက်မည်ဟု ခန့်မှန်းရကြောင်း၊ သို့ရာတွင် အချိန်နှင့်အမျှရရှိလာမည့် ပိုမိုတိကျသောအချက်အလက်များကိုအခြေပြု၍ ယခုခန့်မှန်းမှုမှာ အပြောင်းအလဲရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ယခင် ၂၀၁၈-၂၀၁၉ ခုနှစ်ကာလ၌ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုနှင့် နှိုင်းယှဉ်ပါက ယခု တတိယအကြိမ် ခန့်မှန်းချက်အရ ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီ၌  နှံစားသီးနှံထုတ်လုပ်မှုတွင် တန် ချိန် ၉.၅၃ သန်းနှင့် ပဲမျိုးစုံထုတ်လုပ်မှု၌ ၀.၉၃ သန်း၊ စုစုပေါင်း ကောက်ပဲသီးနှံတန်ချိန် ၁၀.၄၆ သန်း ပိုမိုတိုးတက်များပြားမှုရှိမည်ဖြစ်ပါသည်။ ယခုနှစ် နိုင်ငံတစ်ဝန်းလုံး၌ ဆန်စပါး ထုတ်လုပ်မှု ခန့်မှန်းချက်မှာ တန်ချိန် ၁၁၇.၉၄ သန်းဖြစ်ရာ ယခင်နှစ်ထက် ၁.၄၆ သန်း ပိုမိုမည်ဖြစ်ပြီး ၅ နှစ်တာကာလအတွင်း ပျမ်းမျှဆန်စပါးထုတ်လုပ်နိုင်မှုထက် တန်ချိန် ၈.၁၇ သန်း ပိုမိုကြောင်း တွေ့ရှိရသည်။ အလားတူ ဂျုံစိုက်ပျိုးထွက်ရှိနိုင်မှုကိုလည်း တန်ချိန် ၁၀၇.၁၈ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားရာ ၂၀၁၈-၂၀၁၉ ခုနှစ် ထွက်ရှိမှုထက် တန်ချိန် ၃.၅၈ သန်း ပိုမိုမည် ဖြစ်သည်။ ယခင် ၅ နှစ်တာကာလအတွင်း ပျမ်းမျှ ဂျုံစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၉၆.၁၆ သန်း ဖြစ်ရာ ယခုစိုက်ပျိုးထွက်ရှိမှုမှာ တန်ချိန် ၁၁.၀၂ သန်း ပိုမိုရန် ခန့်မှန်းထားခြင်းဖြစ်သည်။

ပဲမျိုးစုံ စုစုပေါင်းတန်ချိန် ၂၃.၀၁ သန်း ထွက်ရှိရန်ခန့်မှန်းထားပြီး ပဲစင်းငုံစိုက်ပျိုးမှုအား တန်ချိန် ၃.၇၅ သန်းနှင့် ကုလားပဲစိုက်ပျိုးထုတ်လုပ်မှုအား တန်ချိန် ၁၀.၉၀ သန်း ထွက်ရှိမည်ဟု မျှော်မှန်းထားရာ ယခင်နှစ်ကထက် တန်ချိန် ၀.၄၃ သန်းနှင့် ၀.၉၆ သန်း အသီးသီး ပိုမိုမည်ဖြစ်သည်။ သို့ရာတွင် ယခုနှစ် မိုးရာသီနှင့်ဆောင်းရာသီတို့၌ ထိခိုက်ပျက်စီးမှုနှင့် စိုက်ဧကလျော့ကျမှု ဖြစ်ပေါ်ခဲ့သော မတ်ပဲနှင့် ပဲတီစိမ်းတို့ကိုမူ တန်ချိန် ၂.၃၃ သန်းနှင့် ၂.၃၄ သန်း ထွက်ရှိရန် ခန့်မှန်း ထားရာ ယခင်နှစ်ထုတ်လုပ်မှုအောက် တန်ချိန် ၀.၇၃ သန်းနှင့် ၀.၁၂ သန်း အသီးသီးလျော့ကျမည်ဖြစ်သည်။ ပဲနီလေး စိုက်ပျိုး ထုတ်လုပ်မှုအား တန်ချိန် ၁.၄၄ သန်းထွက်ရှိရန် ခန့်မှန်းထားပြီး ယခင်နှစ်ထက် တန်ချိန် ၀.၂၁ သန်း ပိုမိုမည်ဖြစ်သည်။

ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအား ၂၀၁၈-၂၀၁၉ ခုနှစ်ထွက်ရှိမှု တန်ချိန် ၃၁.၅၂ သန်း ထက် ယခုနှစ်၌ အထွက်တန်ချိန် ၁.၉၈ သန်းပိုမိုရန် ခန့်မှန်းထားသည်။ သို့ဖြစ်ရာ အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ယခု တတိယအကြိမ် ခန့်မှန်းချက်၌ ဆီထွက်သီးနှံထွက်ရှိနိုင်မှုကို ၁၈.၂.၂၀၂၀ နေ့ ဒုတိယအကြိမ် ခန့်မှန်းစာရင်းထုတ်ပြန်ခဲ့မှု ပမာဏအောက်သို့ တန်ချိန် ၆.၈၇ သန်း ပြန်လည်လျော့ချခဲ့ကြောင်း၊ အထူးသဖြင့် မိုးသီးနှံရာသီ၌ စိုက်ခင်းများထိခိုက်မှုရှိသည့် ပဲပုတ်စေ့နှင့် ဆောင်းသီးနှံရိတ်သိမ်းရာသီတွင် အချိန်အခါမဟုတ်မိုးကြောင့် ထိခိုက်မှုရှိသည့် မုံညင်းစေ့စိုက်ပျိုးထွက်ရှိနိုင်မှုတို့အား လျော့ချ ခန့်မှန်းထားကြောင်း တွေ့ရှိရသည်။

၂၀၁၉-၂၀၂၀ ခုနှစ်၌ ကြံစိုက်ပျိုးမှုမှာ ယခင်နှစ်ထုတ်လုပ်မှုအောက် တန်ချိန် ၄၇.၂၈ သန်း လျော့ကျထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ၁၇၀ ကီလိုဂရမ်ဝင် ဝါဂွမ်းဘေထုတ်အစည်းများနှင့် ၁၈၀ ကီလိုဂရမ်ရှိသည့် ဂုန်လျှော်ဘေထုတ်အစည်းများ မှာမူ ၂၀၁၁-၂၀၁၉ ခုနှစ်၌ ထုတ်လုပ်နိုင်မှုထက် ဘေထုတ်အစည်းပေါင်း ၈ သန်းနှင့် ၁.၀၁ သန်း အသီးသီး ပိုမိုတိုးတက်ထွက်ရှိ မည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားပါသည်။

Source: "Third Advance Estimates of Production of Foodgrains, Oilseeds and other Commercial Crops for 2019–20", 15 May 2020, Press release of Ministry of Agriculture & Farmers Welfare of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (22.5.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 22nd May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 11,000 | 10,500 | 4,045 | 43,887,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,700 | 3,750 | 3,700 | 1,671 | 6,248,750 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 300 | 2,430,000 | 10,400,986 | 84,248 |
| FPB | 00004 | 24,000 | +500 | +2.13% | 23,500 | 24,000 | 23,500 | 793 | 19,031,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 51 | 140,250 | 12,823,224 | 35,264 |

## Market summary

As of 22nd May. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 445.12 | +0.14 | +0.03% | 444.98 | 454.12 | 443.55 | 6,860 | 71,737,500 | 5 | 609,509 |

### Index chart




## Market Overview

As of 1:00 pm, 22nd May. 2020

| MYANPIX | 445.12 |
|---|---|
| | ▲ 0.14 |
| Total Volume (shares) | 6,860 |
| Total Value (MMK) | 72 mil |
| Listed Company | 5 |
| Market Cap. (MMK) | 609,509 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 24,000 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 0 |